
ပြိုင်ဘက်ကင်း
ကံကြမ္မာ
(ရှီထျန်းမင်)
(စာစဉ်-၃၇)
ဘာသာပြန်စာရေးသူ - Colorlessink

# Chapter 361
# နောက်ကွယ်က ဝတ်စုံပြောင်ဝတ် အမျိုးသမီး
*

ကြယ်နတ်ဘုရား သေသွားပြီလော။

ရီထျန်းမင်က ကြယ်နတ်ဘုရားကို ဝါးမျိုလိုက်ခြင်းလော။

ခဲ့ရှန်းက မယုံကြည်နိုင်ဟန်ဖြင့် "ဒါ... ဒါက မဖြစ်နိုင်ဘူး၊ လုံးဝကို မဖြစ်နိုင်ဘူး။ အဲဒီရီထျန်းမင်က နတ်ဘုရားကျောင်းတော် အပြင်စည်းက သာမန်တပည့်တစ်ယောက်သက်သက်ပဲလေ။ သူက ဘယ်လိုလုပ်ပြီး ကြယ်နတ်ဘုရားကို ဝါးမျိုနိုင်မှာလဲ။ အဲဒါက ထိပ်တန်းအထွတ်အမြတ်

နတ်ဘုရားတစ်ပါးလေ"

ဆုတောင်းခြင်းနတ်ဘုရားက ပြုံးလိုက်သည်။ "ပုံမှန်အားဖြင့်တော့ အဲဒီလို ဖြစ်သင့်ပေမယ့် ဒါက အမှန်တရားပဲ။ ကြယ်နတ်ဘုရားက လုံးဝ ကျဆုံးသွားခဲ့ပြီ။ ပြီးတော့ ဒီသခင်လေးရိရဲ့ စွမ်းဆောင်ရည်ကို ကြည့်ရသလောက်ဆိုရင် သူက ကြယ်နတ်ဘုရားရဲ့ မှတ်ဉာဏ်တွေကို ဝါးမျိုထားတာ ဖြစ်ရမယ်။ ဒါပေမဲ့ သေချာတာတစ်ခုကတော့ သူက ကြယ်နတ်ဘုရားရဲ့ မှတ်ဉာဏ်တွေကို အပြည့်အဝတော့ မဝါးမျိုနိုင်သေးဘူး။ ဘာလို့လဲဆိုတော့ သူ့ရဲ့ လက်ရှိစွမ်းအားနဲ့ ကြယ်နတ်ဘုရားရဲ့ မှတ်ဉာဏ်တွေကို အပြည့်အဝ ဝါးမျိုနိုင်စွမ်း ရှိဦးမှာ မဟုတ်လို့ပဲ"

ခဲ့ရှန်းမှာ အနည်းငယ် မယုံကြည်နိုင် ဖြစ်နေဆဲပင်။ "သူက ဘာလို့ နတ်ဘုရားတစ်ပါးကို ဝါးမျိုနိုင်ခဲ့တာလဲ။ အဲဒါကလည်း ထိပ်တန်း

အထွတ်အမြတ်နတ်ဘုရားတစ်ပါးလေ"

ဆုတောင်းခြင်းနတ်ဘုရားက ရယ်မောလိုက်၏။ "ငါလည်း တော်တော်လေး အံ့သြနေမိတာပဲ"

ခဲ့ရှန်းမှာ တိတ်ဆိတ်သွားသော်လည်း အင်မတန် တုန်လှုပ်နေဆဲပင်။ ရီထျန်းမင်က မည်သူမည်ဝါဖြစ်ကြောင်းကို သူတစ်ခါမှ မစဥ်းစားခဲ့ဖူးချေ။ အဘယ်ကြောင့်ဆိုသော် ထိုသူက ကြယ်နတ်ဘုရား ဖြစ်နေသောကြောင့်ပင်...

ထို့ပြင် ကြယ်နတ်ဘုရားက ထိပ်တန်းအထွတ်အမြတ်နတ်ဘုရားတစ်ပါး ဖြစ်၏။ ထိပ်တန်းအထွတ်အမြတ်နတ်ဘုရားတစ်ပါးက လူငယ်လေးတစ်ယောက်၏ ဝါးမျိုခြင်းကို ခံလိုက်ရသည်လော။

အကယ်၍ အပြင်၌သာ ပြောပြမည်ဆိုလျှင် မည်သူက ယုံကြည်ပါမည်နည်း။

ခဲ့ရှန်းက သူ၏ အတွေးများကို ရုပ်သိမ်းလိုက်ပြီးနောက် လေးနက်သောအသံဖြင့် "သူ့ရဲ့ သက်ရှိသတ္တဝါအပေါင်းဥပဒေက သာမန်လူတစ်ယောက် ဖန်တီးနိုင်မယ့်ပုံ မပေါ်ဘူး"

ဆုတောင်းခြင်းနတ်ဘုရားက ခေါင်းညိတ်လိုက်၏။ "ဒီဥပဒေသက... သူဖန်တီးခဲ့တာ မဟုတ်ဘူး၊ သူ့ဆရာ ဖန်တီးခဲ့တာ။ ဒါပေမဲ့ နောက်ပိုင်းဥပဒေသအချို့ကို သူကိုယ်တိုင် ရေးသားခဲ့တာဆိုတော့ သူ့ဥပဒေသလို့ ပြောလို့လည်း ရပါတယ်"

ခဲ့ရှန်းက "သူနဲ့ သူ့ဆရာ ဖန်တီးခဲ့တာလား"

ဆုတောင်းခြင်းနတ်ဘုရားက ရယ်မောလိုက်သည်။ "သူတို့နှစ်ယောက်လုံးက တရားဝင်အိမ်တော် စကြာဝဠာကနေ လာကြတာလေ"

ခဲ့ရှန်း၏ မျက်နှာထက်၌ တုန်လှုပ်မှုများဖြင့် ပြည့်နှက်သွား၏။ "သူတို့နှစ်ယောက်လုံးက

တရားဝင်အိမ်တော် စကြာဝဠာကနေ လာကြတာလား"

ဆုတောင်းခြင်းနတ်ဘုရားက ခေါင်းညိတ်လိုက်သည်။ "မအံ့သြပါနဲ့။ အောက်ဘက်စကြာဝဠာက သတ္တဝါတွေဟာ အားမနည်းကြဘူး။ အားမနည်းတဲ့အပြင် တရားဝင်အိမ်တော်စကြာဝဠာက သတ္တဝါအချို့က အရမ်းကိုအားကောင်းကြတယ်။ အကယ်၍ ဒီစကြာဝဠာမှာသာ ဘိုးဘေးနတ်ဘုရားရဲ့ကန့်သတ်ချက် မရှိဘူးဆိုရင် သူတို့က ဒီကိုရောက်လာတဲ့အခါ ဒီနတ်ဘုရားစကြာဝဠာက ထိပ်တန်းသန်မာသူတွေထက် အင်အားလျော့နည်းနေမှာ မဟုတ်ဘူး။ အဲဒီအထဲမှာ... အတိတ်က အစစ်အမှန်နတ်ဘုရားတွေလို့ ခေါ်ကြတဲ့သူတွေတောင် ပါဝင်တယ်..."

"ဒါက..."

ခဲ့ရှန်းက ခေါင်းခါယမ်းလိုက်၏။ "ဒီလူက တကယ်ကို သာမန် မဟုတ်ဘူးပဲ။ သက်ရှိ သတ္တဝါအပေါင်းဥပဒေတင် မကဘူး၊ သူ့ဆီမှာ ဆိုရင် အထဲမှာ ဆယ်နှစ်ကြာပေမယ့် အပြင်မှာ တစ်ရက်ပဲကြာတဲ့ ထူးခြားတဲ့ ဟင်းလင်းပြင် အချိန်လည်း ရှိသေးတယ်... ဒါ့ပြင် သူက အခု ဘိုးဘေးနတ်ဘုရားရဲ့ နာမည်ကို အသုံးပြုပြီး လှုပ်ရှားနေတာ။ ကြည့်လေ၊ အောက်ခြေက အရှူးတွေကတော့ သူ့ရဲ့ လှည့်စားမှုကို အောင်မြင်စွာ ခံလိုက်ရပြီး ကောင်းကင်ဘုံကို ဆန့်ကျင်ပြီးတော့ ကံကြမ္မာကို ပြောင်းလဲမယ်ဆို တာချည်းပဲ ပြောနေကြပြီ..."

ရီထျန်းမင်ကို သူ တစ်ခါမှ အထင်မသေးခဲ့ဖူး ချေ။

ဆန့်ကျင်ဘက်အနေဖြင့် ဤအထွတ်အမြတ် နတ်ဘုရားက ကြယ်နတ်ဘုရားမဟုတ်ဘဲ ရီထျ

န်းမင်ဖြစ်ကြောင်းကို သိလိုက်ရချိန်၌ ရီထျန်းမင်က မရိုးရှင်းကြောင်းကို သူက ပို၍ပင် ခံစားလိုက်ရ၏။

သို့သော် သူက ဆန့်ကျင်ဘက် လောင်းကြေးထပ်ရန် ရွေးချယ်ခဲ့သည်။

အောက်ခြေရှိ လူတိုင်းက နတ်ဘုရားများကို ဆန့်ကျင်ရန် ရီထျန်းမင်ကို ရွေးချယ်ခဲ့ကြသော်လည်း ခဲ့ရှန်းကမူ ဆန့်ကျင်ဘက်ကို ပြုလုပ်ရန် တင်းခံနေခဲ့ခြင်းပင်။

ပထမအချက်အနေဖြင့် နတ်ဘုရားတစ်ပါးက အဓိကနတ်ဘုရားများအားလုံးကို ယှဉ်ပြိုင်နိုင်လိမ့်မည်ဟု သူ မယုံကြည်ချေ။

ဒုတိယအချက်အနေဖြင့် သူက ကြီးမားသောလောင်းကစားတစ်ခုကို ပြုလုပ်နေခြင်းဖြစ်သည်။ စဉ်းစားကြည့်မည်ဆိုလျှင် အကယ်၍ လူတိုင်းက နတ်ဘုရားများကို သစ္စာဖောက်ကြ

သော်လည်း သူ ခဲ့ရှုန်းက သစ္စာမဖောက်ခဲ့ပါလျှင် ထိုအချိန်ကျ နတ်ဘုရားများက သူ့ကို ကောင်းကောင်းမွန်မွန် ဆက်ဆံကြမည် မဟုတ်ပါလော။

နတ်ဘုရားများ အနိုင်ရသွားသည်နှင့် တစ်ပြိုင်နက် သူ ခဲ့ရှုန်းက မည်မျှတိုင်အောင် ဂုဏ်ကျက်သရေရှိလာမည်ကို သူက ကြိုတင်မြင် ယောင်နေနိုင်ပြီ ဖြစ်၏။

ဆုတောင်းခြင်းနတ်ဘုရားက ရယ်မောလိုက် သည်။ "သူတို့ကို အပြစ်မတင်ပါနဲ့၊ ဘာလို့လဲဆို တော့ ပုံမှန်အခြေအနေအောက်မှာဆိုရင် အဲ့ဒီ သခင်လေးရဲ့ သွားနေတဲ့လမ်းစဉ်က မဖြစ်နိုင် တာတော့ မဟုတ်ဘူးလေ"

ခဲ့ရှုန်းမှာ အနည်းငယ် တွေဝေသွား၏။ "သူ အောင်မြင်နိုင်မယ်လို့ မင်းက ထင်နေတာလား"

ဆုတောင်းခြင်းနတ်ဘုရားက ခေါင်းညိတ်

လိုက်သည်။ "သူက တစ်ကြိမ် အောင်မြင်ခဲ့ဖူးပြီး သားပဲ။ ပြီးတော့ ဒီတစ်ကြိမ်မှာသာ သူ့ရဲ့ ရုပ်ခန္ဓာက ဒီနေရာရဲ့ အမြင့်ဆုံးမဟာတာအိုဥပဒေသ ကန့်သတ်ချက်ကို မခံရဘူးဆိုရင် သူက အောင်မြင်ပြီးနေလောက်ပြီ။ ပြီးတော့ အရင်တစ်ခေါက်ကထက်တောင် ပိုပြီး အောင်မြင်နေလောက်တယ်။ အခြားသူတွေရဲ့ ကန့်သတ်ချက်တွေကို မျက်စိနဲ့ မြင်နိုင်ပေမယ့် ဒီသခင်လေးရဲ့ ကန့်သတ်ချက်ကိုတော့ မျက်စိနဲ့ မမြင်နိုင်ဘူး"

ခဲ့ရှန်းက လေးနက်သောအသံဖြင့် "မင်းက ဘာလို့ သူ့ဘက်ကနေ ပြောပေးနေတာလဲ"

ဆုတောင်းခြင်းနတ်ဘုရားက ရယ်မောလိုက်၏။ "ငါတို့က ငါတို့ရဲ့ ပြိုင်ဘက်တွေကို လေးစားရမယ်၊ ပိုအရေးကြီးတာက ပြိုင်ဘက်တွေကို သေသေချာချာ ရင်ဆိုင်ရမယ်လေ"

ခဲ့ရှန်းက လေးနက်သောအသံဖြင့် "သူက မရိုး

ရှင်းဘူးဆိုတာကိုတော့ ငါသိပါတယ်။ ဒါပေမဲ့ အခု သူက ကျန်တဲ့ အထွတ်အမြတ်နတ်ဘုရားကျောင်းတော်သုံးခုနဲ့ မဟာမိတ် ဖွဲ့ပြီးသွားပြီ၊ ပြီးတော့ ရှေးဟောင်းနတ်ဘုရားကျောင်းတော်ကိုလည်း သွားသေးတယ်... အဲဒီအပြင် သက်ရှိသတ္တဝါအပေါင်းဥပဒေကလည်း ပြန့်နှံ့သွားပြီ၊ တရားဝင်အိမ်တော် စကြာဝဠာတွေလည်း ရှိသေးတယ်။ အကယ်၍ နတ်ဘုရားတွေကသာ မြန်မြန် မလှုပ်ရှားဘူးဆိုရင် နောက်ပိုင်းကျ ငါစိုးရိမ်တာက..."

"အသုံးမဝင်ဘူး"

ဆုတောင်းခြင်းနတ်ဘုရားက ဖြည်းဖြည်းချင်းပြောလိုက်၏။ "အမြင့်ဆုံးဥပဒေသကြောင့် နတ်ဘုရားတွေက အောက်ကို ဆင်းလာရင်တောင် သူ့ကို ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး။ ဘာမှ မလုပ်နိုင်ရုံတင်မကဘဲ သူ့ရဲ့ သတ်ဖြတ်ခြင်းကို

တောင် ခံရနိုင်သေးတယ်"

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ..."

ခဲ့ရှန်းက "သူက ကြယ်နတ်ဘုရား မဟုတ်မှ တော့ သေမျိုးခန္ဓာကိုယ်သက်သက်ပဲလေ..."

ဆုတောင်းခြင်းနတ်ဘုရားက "သူက ကြယ်နတ်ဘုရားထက်တောင် ပိုကြောက်ဖို့ ကောင်းတယ်"

ခဲ့ရှန်းမှာ အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်သွား၏။ "မင်းက ဘာလို့ သူများရဲ့ စိတ်ဓာတ်ကို အမြဲတမ်း မြှင့်တင်ပေးနေရတာလဲ"

"အရှုံးကောင်..."

ရုတ်တရက် ခဲ့ရှန်း၏ ဘေးရှိ အနီရောင်ဝတ်ရုံနှင့် လူငယ်တစ်ဦးက ခဲ့ရှန်းကို တစ်ချက်ကြည့်လိုက်သည်မှာ ခဲ့ရှန်းက နက်ရှိုင်းသော ချောက်ကမ်းပါးကြီးထဲသို့ ကျဆင်းသွားသလို ချက်ချင်း ခံစားလိုက်ရကာ သူ၏ နှလုံးသား

အနက်ပိုင်းမှနေ၍လည်း ရှင်းပြ၍မရနိုင်သော ထိတ်လန့်မှုတစ်ခု တိုက်ရိုက် ထွက်ပေါ်လာ၏။

ခဲ့ရှန်းမှာ အကြီးအကျယ် လန့်ဖြန့်သွားသည်။ သူက အနီရောင်ဝတ်ရုံနှင့် လူငယ်ကို ကြည့်လိုက်၏။ ထိုလူငယ်က အသက်ကြီးမည့်ပုံမပေါ်ဘဲ အသက်နှစ်ဆယ်ဝန်းကျင်ခန့်သာ ရှိသေးကာ အနီရောင်ဝတ်ရုံကို ဝတ်ဆင်ထားပြီး မျက်နှာချေမှုန့်များ အထူကြီး လိမ်းထားလျက် သူ၏ လက်သည်းများကိုလည်း အနီရောင်ဆိုးထားပေသည်။ သူ့ပုံစံက အင်မတန် မျက်စိဆံပင် မွှေးစူးမတတ် ဖြစ်နေကာ သူ၏ အသံကလည်း စူးရှနေ၏။

သူ၏ ဝတ်စားဆင်ယင်မှုက အင်မတန် ထူးဆန်းနေခြင်းပင်။

ထိုအရာက အဓိက မဟုတ်ချေ။ အဓိကအချက်မှာ တစ်ဖက်လူ၏ စွမ်းအား ဖြစ်သည်။

ခဲ့ရှန်းမှာ မယုံကြည်နိုင်လောက်အောင် တုန်လှုပ်သွား၏။ သူကိုယ်တိုင်က နတ်ဘုရားတု အဆင့်၏ အထွတ်အထိပ်၌ ရှိနေသော်လည်း တစ်ဖက်လူက သူ့ကို ထိုမျှလောက် အန္တရာယ် များသော ခံစားချက်မျိုးကို ပေးစွမ်းနိုင်ခဲ့၏။

ပုံမှန်မဟုတ်ချေ။

ခဲ့ရှန်းက သူ၏ ရင်ထဲ၌ တိတ်တဆိတ် သတိထားလိုက်၏။ တစ်ချိန်တည်း၌ပင် သူတို့ အားလုံးက နတ်ဘုရားတုအဆင့်၌ ရှိနေကြ သော်လည်း သူ့ရှေ့ရှိ ဤလူများက နတ်ဘုရား များ၏ မျိုးဆက်များဖြစ်ကာ တစ်ဖက်လူထံ၌ အမည်မသိဖဲ့ကဲ့ဖဲများ သေချာပေါက် ရှိနေရမည် ကိုလည်း သူက သဘောပေါက်သွားသည်။

ဆုတောင်းခြင်းနတ်ဘုရားက လက်ဆန့်ထုတ် ကာ အနီရောင်ဝတ်ရုံနှင့် အမျိုးသားထံ ညင်သာ စွာ ဖိချလိုက်ရာ ထိုလူက အကြည့်လွှဲသွား၏။

ဆုတောင်းခြင်းနတ်ဘုရားက ခဲ့ရှန်းကို ကြည့်ကာ ပြုံးလိုက်သည်။ "ဒီသခင်လေးရီက မရိုးရှင်းဘူးလို့ ခင်ဗျား ထင်နေပေမယ့် အဲဒါက မလုံလောက်သေးဘူး။ သချာပေါက် ဒါက နားလည်ပေးလို့ ရပါတယ်။ ဘာပဲဖြစ်ဖြစ် အတိတ်က သူ ဘာတွေလုပ်ခဲ့တယ်ဆိုတာကို ခင်ဗျားမှ မသိတာ... ခင်ဗျားရဲ့ ကျောင်းတော်ကနေ ခင်ဗျားနောက်ကို လိုက်ချင်တဲ့သူအားလုံးကို ဒီကိုသာ ခေါ်လာခဲ့ပါ။ ဒီမှာ အစစ်အမှန်နတ်ဘုရားတွေ ချန်ထားခဲ့တဲ့ ထူးခြားတဲ့ ကျင့်ကြံတဲ့နေရာ ရှိတယ်၊ အဲဒါက ခင်ဗျားတို့ရဲ့ ကျင့်ကြံခြင်းအဆင့်ကို သွေးသစ်လောင်းပေးနိုင်တယ်။ ခင်ဗျားရဲ့ လက်ရှိ နတ်ဘုရားတုအဆင့်က အရမ်းကို အပေါ်ယံဆန်လွန်းနေတယ်"

ခဲ့ရှန်းက လေးနက်သောအသံဖြင့် "ငါက ရီထျန်းမင်အနားကို ပြန်သွားပြီး သူ့လျှို့လုပ်ပေးရင် မ

ကောင်းဘူးလား..."

ဆုတောင်းခြင်းနတ်ဘုရားက ခေါင်းခါယမ်းလိုက်၏။ "မရဘူး။ ငါထင်တာ မမှားဘူးဆိုရင် ခင်ဗျားမှာ ပုန်ကန်ချင်တဲ့ ရည်ရွယ်ချက်တွေ ရှိနေတယ်ဆိုတာကို သခင်လေးရိက သိနေလောက်ပြီ"

ခဲ့ရှန်းက တွေဝေသွားသည်။ "ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ..."

ဆုတောင်းခြင်းနတ်ဘုရားက ရယ်မောလိုက်၏။ "သူက ခင်ဗျားထင်ထားတာထက် အများကြီး ပိုညာဏ်ကောင်းတယ်"

ခဲ့ရှန်းက လေးနက်သောအသံဖြင့် "နတ်ဘုရားတွေ အောက်ဆင်းလာရင်တောင် သူ့ကို ဘာမှလုပ်လို့ မရဘူးလို့ အဆွေတော်က ပြောခဲ့တယ်လေ။ ဒါဆို အခု မင်းရဲ့ အစီအစဉ်တွေက ဘာလဲ။ ငါသိသလောက်တော့ အဲဒီရိထျန်းမင်က

သက်ရှိသတ္တဝါအပေါင်းစာရင်းကို ဆင့်ခေါ်ဖို့ သတ္တဝါအားလုံးကို သက်ရှိသတ္တဝါအပေါင်းဥပဒေ ကျင့်ကြံခိုင်းနေတယ်။ ဒီစာရင်းကြီး ထွက်လာတာနဲ့တစ်ပြိုင်နက်..."

ဆုတောင်းခြင်းနတ်ဘုရားက ရယ်မောလိုက်သည်။ "နတ်ဘုရားခန့်အပ်လွှာဆိုတာ လုံးဝ မရှိပါဘူး။ သက်ရှိသတ္တဝါအပေါင်းစာရင်းပဲ ရှိတာပါ။ အင်း... အဲ့ဒီသက်ရှိသတ္တဝါအပေါင်းစာရင်းကလည်း အရမ်း အစွမ်းထက်ပါတယ်"

ခဲ့ရှန်း၏ မျက်နှာက အင်မတန် မည်းသည်းသွား၏။ "ဒါဆို နတ်ဘုရားတွေရဲ့ သမိုင်းကြောင်းနဲ့ ပတ်သက်ပြီး သူပြောခဲ့တာတွေကလည်း အတုအယောင်တွေပေါ့။ နတ်ဘုရားတွေက ဘိုးဘေးနတ်ဘုရားကို ဘယ်တော့မှ သစ္စာမဖောက်ခဲ့ဘူးလား"

ဆုတောင်းခြင်းနတ်ဘုရားက ခေါင်းခါယမ်း

လိုက်သည်။ "သူပြောခဲ့တဲ့ သမိုင်းကြောင်းက သူ လုပ်ကြံဖန်တီးထားတာ ဆိုပေမယ့် အချို့အပိုင်း တွေကတော့ တိုက်ဆိုင်စွာနဲ့ မှန်သွားခဲ့တယ်။ သေချာပေါက် အခု အဲဒါတွေက အရေးမကြီး တော့ပါဘူး။ ပြန်သွားပြီး ခင်ဗျားလူတွေကို ဆက်သွယ်လိုက်၊ ပြီးတော့ သူတို့ကို ဒီကို ခေါ် လာခဲ့။ အဲဒီလိုမှ မဟုတ်ရင် သူတို့ နောက်ကျ သွားတဲ့အခါ သုတ်သင်ခံရနိုင်တယ်"

ခဲ့ရှန်းက ဆုတောင်းခြင်းနတ်ဘုရားကို တစ်ချက်ကြည့်ကာ မေးလိုက်၏။ "အဆွေတော်က ကော နတ်ဘုရားမျိုးဆက် တစ်ယောက်ပဲလား"

ဆုတောင်းခြင်းနတ်ဘုရားက ခေါင်းခါယမ်းလိုက်သည်။

ခဲ့ရှန်းက ခေါင်းညိတ်လိုက်ကာ ထပ်မမေးတော့ဘဲ လှည့်ထွက်သွားလိုက်၏။ ခြေလှမ်း အနည်းငယ် လျှောက်ပြီးနောက် သူက ပြန်

ရပ်တန့်လိုက်ကာ ပြောလိုက်သည်။

"အဆွေတော်ကို ငါ သတိပေးရလိမ့်မယ်၊ ရီထျ န်းမင်ရဲ့ သိုလှောင်လက်စွပ်ထဲက ဟင်းလင်းပြင် အချိန်ဟာ ကောင်းကင်ဘုံကိုတောင် ဆန့်ကျင် နိုင်လွန်းတယ်။ အခု သူက နတ်ဘုရားကျောင်း တော်အသီးသီးမှာ ရှိကြတဲ့ နတ်ဘုရားကျောင်း တော် အစောင့်အရှောက်တွေအားလုံးကို အထဲ မှာ စုစည်းထားတယ်။ အဲဒီနတ်ဘုရားကျောင်း တော် အစောင့်အရှောက်တွေက ပါရမီရှင်တွေ ဖြစ်ပြီးသား၊ အခု အဲဒီလို နေရာမျိုးမှာ ကျင့်ကြံ နေကြတဲ့အပြင် နတ်ဘုရားကျောင်းတော် အသီးသီးကလည်း အရင်းအမြစ်တွေကို ရှုံးသွပ် စွာ ပံ့အောပေးထားကြသေးတယ်။ မကြာခင် အချိန်အတွင်း အဲဒီနတ်ဘုရားကျောင်းတော် အစောင့်အရှောက်တွေရဲ့ စွမ်းအားက ကမ္ဘာကြီး ကို တုန်လှုပ်သွားစေလောက်တဲ့အထိ ပြောင်းလဲ သွားလိမ့်မယ်..."

ဆုတောင်းခြင်းနတ်ဘုရားက ရယ်မောလိုက်၏။ "ငါ နားလည်ပါတယ်"

ခဲ့ရှန်းက ဆုတောင်းခြင်းနတ်ဘုရားကို တစ်ချက်ကြည့်လိုက်ကာ ဘာမှထပ်မပြောတော့ဘဲ လှည့်ထွက်သွားတော့သည်။

ခဲ့ရှန်းထွက်သွားပြီးနောက် သခင်လေးလင်းက လျှောက်လှမ်းလာ၏။ သူက လေးနက်သော အသံဖြင့် "အထွတ်အမြတ်နတ်ဘုရား..."

ဆုတောင်းခြင်းနတ်ဘုရားက ရယ်မောလိုက်သည်။ "ငါ့ကို အဲဒီလို ခေါ်စရာ မလိုပါဘူး။ အစ်ကိုကြီးလို့ပဲ ခေါ်ပါ။ ပြီးတော့ ငါက နတ်ဘုရားဆိုတဲ့ အခေါ်အဝေါ်ကို မကြိုက်ဘူး"

အစ်ကိုကြီးလော။

တစ်ဖက်လူက သူ့ကို အစ်ကိုကြီးဟုခေါ်ရန် ပြောသည်အား ကြားလိုက်ရသည်တွင် သခင်လေးလင်းက ချက်ချင်းဆိုသလို အနည်းငယ်

စိတ်လှုပ်ရှားသွား၏။ သူက ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက်တွင် "အစ်ကိုကြီး... ခဲ့ရှန်းရဲ့ ရပ်တည်ချက်က အရမ်းကို မတည်မငြိမ် ဖြစ်နေတယ်။ ပြီးတော့ သူ့ရဲ့ နတ်ဘုရားတုအဆင့်ကလည်း အရမ်းကို အပေါ်ယံဆန်လွန်းတယ်။ ကျွန်တော်တို့အတွက်..."

ဆုတောင်းခြင်းနတ်ဘုရားက "အဲဒီလို မတွေးပါနဲ့"

သခင်လေးလင်းမှာ အနည်းငယ် တွေဝေသွား၏။

ဆုတောင်းခြင်းနတ်ဘုရားက ရယ်မောလိုက်သည်။ "တာအိုဆိုတာ ပြီးပြည့်စုံနေမှာ မဟုတ်ဘူး၊ အမြဲတမ်း လိုအပ်ချက်တစ်ခုခုတော့ ရှိနေမှာပဲ။ ဒီလူက အဲဒီသခင်လေးရီရဲ့ တာအိုဒဿနမှာ အသက်အန္တရာယ်ရှိတဲ့ အားနည်းချက်တစ်ခု ဖြစ်ရုံသာမက ငါတို့က ဒီသခင်လေးရီကို အနိုင်

ယူဖို့အတွက် အဓိကသော့ချက်တစ်ခုလည်း ဖြစ်တယ်"

သခင်လေးလင်းက လေးနက်သောအသံဖြင့် "အစ်ကိုကြီး... အဲဒီရိုထျုန်းမင်က တကယ်ပဲ အဲဒီလောက်တောင် သန်မာတာလား"

ဆုတောင်းခြင်းနတ်ဘုရားက ခေါင်းညိတ်လိုက်၏။ "ယန်မိသားစုက အတိတ်ကာလမှာ ဆုံးရှုံးမှုတွေ ကြုံတွေ့ခဲ့ရတာဟာ သူတို့က သူ့ကို လုံလောက်တဲ့ အာရုံစိုက်မှု မပေးခဲ့လို့ပဲ..."

ပြောနေရင်းဖြင့် သူက သခင်လေးလင်းကို ကြည့်လိုက်သည်။ "အဲဒီနေ့က မင်းလည်း သူ့ရဲ့ ဖိနှိပ်တာကို ခံရပြီး ဒူးထောက်ခဲ့ရလို့ မင်းရဲ့ ရင်ထဲမှာ မကျေနပ်မှုတွေ၊ ဒေါသတွေ ရှိနေတယ်ဆိုတာကို ငါ သိပါတယ်။ ဒါပေမဲ့ အဲဒီလိုဖြစ်လေလေ၊ မင်းက ကိုယ့်ကိုယ်ကိုယ်ရင်ဆိုင်ပြီး ပြိုင်ဘက်ကို သေသေချာချာ ရင်ဆိုင်သင့်လေ

လေပဲ။ မင်းရဲ့ စိတ်အခြေအနေကို ထာဝရ ပျက်စီးခြင်းထဲကို ကျဆင်းမသွားစေနဲ့"

သခင်လေးလင်းက အလျင်အမြန်ပင်။ "အစ်ကိုကြီး... ကျွန်တော်နားလည်ပါတယ်၊ ကျွန်တော်..."

ပြောနေရင်းဖြင့် သူက သက်ပြင်းရှည်ကြီးတစ်ခု ချလိုက်၏။ "ကျွန်တော့်ရဲ့ စွမ်းရည်က အခြားသူတွေထက် နိမ့်ကျနေလို့ပါ"

ဆုတောင်းခြင်းနတ်ဘုရားက ခေါင်းညိတ်လိုက်သည်။ "ဒီလောကကြီးက ဒီလိုပဲလေ၊ သန်မာတဲ့သူကိုပဲ လေးစားကြတာ။ အကယ်၍ မင်းရဲ့ စွမ်းရည်က နိမ့်ကျနေတယ်ဆိုရင် အရှုံးကို လက်ခံလိုက်ပါ။ အဲဒါက ရှက်စရာ မလိုပါဘူး။ သေချာပေါက် မင်းက ရှက်တတ်ဖို့နဲ့ နောက်ပိုင်းမှာ ရဲရင့်လာဖို့ကိုလည်း သိထားရလိမ့်မယ်"

ပြောနေရင်းဖြင့် သူက ဖြည်းဖြည်းချင်း မတ်တတ်ရပ်လိုက်၏။

သူမတ်တတ်ရပ်လိုက်ချိန်၌ ထိုနေရာရှိ နတ်ဘုရားမျိုးဆက်များ အားလုံးက သူ့ကို ကြည့်လိုက်ကြသည်။

အနီရောင်ဝတ်ရုံနှင့် အမျိုးသားလည်း အပါအဝင်ပင်။

ဆုတောင်းခြင်းနတ်ဘုရားက လက်ဝါးကို ဖြန့်လိုက်ရာ သူ၏ လက်ထဲ၌ စာလိပ်တစ်ခု ထွက်ပေါ်လာ၏။ "ဒီဥပဒေသကို မင်းတို့ ကျင့်ကြံပြီးကြပြီလား"

အမျိုးသားတစ်ဦးက ပြောလိုက်သည်။ "မကျင့်ကြံရသေးပါဘူး။ သေမျိုးတွေ ဖန်တီးထားတဲ့ ဒီလိုဥပဒေသမျိုးက ကျင့်ကြံဖို့ မထိုက်တန်ပါဘူး"

ရုတ်တရက် ဆုတောင်းခြင်းနတ်ဘုရားက

လက်ဆန့်ထုတ်ကာ ညင်သာစွာ ဖိချလိုက်၏။

ဝုန်း…

ထိုအမျိုးသား၏ ကျင့်ကြံခြင်းအဆင့်က သုည အထိ တိုက်ရိုက် ဖိနှိပ်ခံလိုက်ရသည်။

သို့သော် ထူးဆန်းစွာပင် ဆုတောင်းခြင်းနတ်ဘုရား၏ ကျင့်ကြံခြင်းအဆင့်က ကျဆင်းမသွားခဲ့ချေ။

ထိုအမျိုးသားမှာ တွေဝေသွား၏။

ဆုတောင်းခြင်းနတ်ဘုရားက သူ့ကို ကြည့်ကာ ပြုံးလိုက်သည်။ "ဒီဥပဒေသက သာမန်ပဲလို့ မင်းထင်နေတုန်းပဲလား"

ထိုအမျိုးသား၏ မျက်နှာက အနည်းငယ် ဖြူဖျော့သွား၏။

သူ၏ ကျင့်ကြံခြင်းအဆင့်က တကယ်ကို ပျောက်ကွယ်သွားခဲ့ခြင်းပင်။

ဆုတောင်းခြင်းနတ်ဘုရားက ခန်းမထဲရှိ လူ

အုပ်ကြီးကို ကြည့်လိုက်၏။ "မင်းတို့အနေနဲ့ နတ်ဘုရားမျိုးဆက်ဆိုတဲ့ အဆင့်အတန်းနဲ့အတူ ပါလာတဲ့ မောက်မာမှုတွေကို ဖယ်ရှားပစ်ရလိမ့်မယ်။ မှတ်ထားပါ၊ နတ်ဘုရားမျိုးဆက်ဆိုတဲ့ အဆင့်အတန်းက မင်းတို့အတွက် ဂုဏ်ယူစရာ မဖြစ်သင့်ဘဲ အရှက်ရစရာ ဖြစ်သင့်တယ်။ အဲဒီသခင်လေးရီ ပြောသွားတာ သိပ်ကောင်းတယ်။ မိဘတွေဆီက ရတာထက် ကိုယ်တိုင်ရှိတာက ပိုကောင်းတယ်တဲ့။ အကယ်၍ မင်းတို့မှာ အရည်အချင်းရှိရင် နတ်ဘုရားမျိုးဆက်တစ်ယောက် ဖြစ်နေမယ့်အစား မိမိကိုယ်တိုင် နတ်ဘုရားတစ်ပါး ဖြစ်လာအောင် လုပ်ကြ..."

ပြောနေရင်းဖြင့် သူ၏ အကြည့်က သက်ရှိသတ္တဝါအပေါင်းဥပဒေထံသို့ ထပ်မံကျရောက်သွားသည်။ "မင်းတို့အားလုံး အဲဒါကို သင်ယူကြ၊ ပြီးတော့ သေသေချာချာ ကျင့်ကြံကြ"

အားလုံးက အလျှင်အမြန် ခေါင်းညိတ်လိုက်ကြသည်။

ဆုတောင်းခြင်းနတ်ဘုရားက အဓိကခန်းမဆောင်၏ အဝင်ဝသို့ ဖြည်းဖြည်းချင်း လျှောက်သွားလိုက်၏။ သူက ကြယ်တာရာကောင်းကင်၏ အဆုံးရှိ ကောင်းကင်ယံကို မော့ကြည့်ကာ ပြုံးလိုက်သည်။ "သခင်လေးရီ... မင်းက ပဋ္ဌမမြောက်ဥပဒေသကို မရေးရသေးဘူးဆိုမှတော့... အဲ့ဒီပဋ္ဌမမြောက်ဥပဒေသကို ငါပဲ အပြီးသတ်ပေးလိုက်မယ်... ဒါပေမဲ့ ငါက ယန်မိသားစု မဟုတ်ဘူးနော်။ အကယ်၍ မင်းသာ ရှုံးသွားခဲ့ရင်... မင်းနောက်မှာ အဲဒီဝတ်စုံပြောင်ဝတ်အမျိုးသမီး ရှိနေရင်တောင်မှ သူက မင်းကို ကာကွယ်ပေးနိုင်မှာ မဟုတ်ဘူး..."

***